# ခေတ်၊ စနစ် နဲ့ လူ

by Zaw Khun Naw on Thursday, March 29, 2012 at 4:15pm ·

"ငါလာတယ်၊ ငါမြင်တယ်၊ ငါအောင်နိုင်တယ်" (Veni, vidi, vici - I came, I saw, I conquered.) လို့ ကြွေးကြော်နိုင်ခဲ့တဲ့ ဧကရာဇ်ကြီး ဂျူးလီယက် ဆီဇာ၊ လက်ညှိုးညွှန်ရာရေဖြစ်စေအောင်ကို ဘုန်းတန်းခိုးကြီးခဲ့တဲ့ အလောင်းစည်သူမင်း၊ လူသားတွေအတွက် မီးကိုခိုးယူပေးခဲ့တဲ့ ဂရိနတ်သား ပရိုမီးသီးယက်စ် (Prometheus) နဲ့ခိုင်းနှိုင်းချီးကျူးရတဲ့ သိပံပညာရှင်ကြီး အက်ဒီဆင်လို ပုဂ္ဂိုလ်တွေဟာ ရာဇဝင်မှာ ရှာမှရှားတဲ့၊ တစ်ခေတ်မှာ တစ်ယောက်လို့ဆိုထိုက်တဲ့ မဟာမနုဿတွေပါပဲ..။ သမိုင်းရေစီးကြောင်းကို တစ်ကွေ့ချိုးစီးဆင်းစေခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ လူသာလွန်မြောက်ပေမဲ့၊ နာမည်ကတော့ ကွယ်ပျောက်ရိုးမရှိပါဘူး..။ ပုခုံးနှစ်ဘက်ကြား ခေါင်းပေါက်တာချင်းအတူတူ ခေတ်ကိုကိုယ့်နောက်လိုက်ပါစေနိုင်ခဲ့တဲ့ လူတွေမို့ လူသားအားလုံးက ထာဝစဉ်သတိရနေကြမှာပါ..။

ကျနော့်ဆရာတစ်ယောက်က ဒီလိုပြောဖူးပါတယ်.။ "လူဆိုတာ ခေတ်နဲ့စနစ်က ပုံသွင်းမွေးထုတ်လိုက်တဲ့ သတ္တဝါတွေပဲကွ.။ ခေတ်နဲ့စနစ် ကောင်းရင်ကောင်းသလို၊ ဆိုးရင်ဆိုးသလို လူတွေရဲ့အရည်အချင်းလဲ ကွာခြားနေမှာပဲ..။ ဒီလိုလူတွေထဲကမှ ခေတ်နဲ့စနစ်ကို ပြောင်းလဲလိုက်နိုင်တဲ့ လူတော်၊လူချွန်တွေ ဖြစ်အောင်ကြိုးစားကြ.။ ခေတ်နောက်ကို မလိုက်ဘဲ၊ ခေတ်ကိုသာ ကိုယ့်နောက်ဆွဲခေါ်နိုင်တဲ့သူတွေဖြစ်အောင် ကြိုးစားကြ..။ ဒါပေမဲ့ တစ်ခုတော့ မှတ်ထား..။ စနစ်ကို ပြောင်းလဲနိုင်တဲ့သူဆိုတာ လူတစ်သိန်းမှာ တစ်ယောက်မရှိဘူး.၊ ခေတ်ကိုပြောင်းလဲနိုင်တဲ့သူဆိုတာ နှစ်တစ်ရာမှာ တစ်ယောက်မပေါ်ထွန်းဘူး..။ အေး ဒါနဲ့ ဟိုကောင်.. (ကျနော့်ကို လက်ညှိုးထိုးလျက်) မင်းကိုတော့သေချာမှာရမယ်..။ ငါပြောတာက ကောင်းတဲ့ဘက်ကအပြောင်းအလဲနော်.။ ဆာဒန်ဟူစိန်လို၊ ကဒါဖီလို ခေတ်ဆိုး၊ စနစ်ဆိုးဘက် ပြောင်းလဲလိုက်တဲ့ လူတွေမဟုတ်ဘူး..။ မင်းက အူကြောင်ကြားဆိုတော့ တလွဲတွေးနေမှာစိုးလို့.."တဲ့...။

ဆရာ့စေတနာကို ကျနော်လေးစားဦးညွှတ်ပါတယ်..။ ကိုယ့်တပည့်တွေကို ခေတ်ရေစီးကြောင်းမှာ ရေစုန်မျောမနေကြဘဲ၊ ကောင်းသထက်ကောင်း၊ တော်သထက်တော်၊ အရည်အချင်းပြည့်ဝသထက် ပြည့်စေလိုတဲ့ ဆရာ့ရဲ့ဆုံးမစကားပါ..။ ခေတ်ဆိုး၊ စနစ်ဆိုးကနေ ကောင်းတဲ့ဘက် ရောက်နိုင်ဖို့၊ ကောင်းပြီးသားခေတ်နဲ့စနစ်ကိုလဲ ဆထက်ထမ်းပိုး၊ ပိုမိုတိုးတက်အောင် ဖော်ဆောင်နိုင်ဖို့ဆိုတာ

ဆရာသွန်သင်နေကြပါ..။ ဒါပေမဲ့ သိတယ်မဟုတ်လား..။ ကျနော်ကလဲ ကြောင်စီကွေးဆိုတော့ ဆရာ့ကိုစောဒကတက်လိုက်ပါသေးတယ်.။ "ဆရာရယ်.၊ ကြိုးစားရင် ဘုရားတောင်ဖြစ်တယ် ဆိုပေမဲ့၊ ဒီဘဝ ဒီပါရမီနဲ့တော့ မဖြစ်နိုင်ပါဘူးဗျာ..။ ဖြစ်ရင်တောင် သေမှဖြစ်မှာကြီးကို."လို့..။ ဆရာက မိန့်မိန့်ကြီးပြုံးပြီး ပြန်ပြောတယ်..။ "အေး ဘာသာရေးကတော့ ငါမပြောတတ်ဘူးကွ.။ ဒါပေမဲ့ မင်းသေလို့ မင်းနေထိုင်တဲ့ စနစ်ကြီး၊ ခေတ်ကြီးကောင်းတဲ့ဘက် ပြောင်းလဲနိုင်မှာဆိုရင်တော့ ရဲရဲသာသေလိုက်ပါကွာ..။ ကိုယ့်အသက်စွန့်ပြီး တိုင်းပြည်နဲ့လူမျိုးကို ကာကွယ်တဲ့ အာဇာနည်ဖြစ်ရတာ မြတ်ပါတယ်."တဲ့..။

တကယ်က လူရယ်လို့ ဖြစ်လာကတည်းက ဇာတ်လမ်းစတာပါပဲ..။ ဘယ်အချိန်မှာ မွေးမယ်၊ ဘယ်နိုင်ငံမှာ မွေးမယ်ဆိုတာ ရွေးချယ်ခွင့်မရှိ..၊ ကိုယ့်မိဘကိုလဲ ကြိုမသိရ.၊ အသားအရောင်၊ ရုပ်ရည်၊ နာမည်၊ မိဘစီးပွားရေး ဘာမှကိုယ့်သဘောမပါခဲ့ပါဘူး..။ ဘုရားသခင်အလိုတော်အရ (သို့) ကံဇာတ်ဆရာရဲ့ အစီအမံအတိုင်းသာ လူဖြစ်လာရတာမဟုတ်ပါလားဗျာ..။ လူဖြစ်လာခဲ့ပြီးနောက် ကိုယ်နေထိုင်ကြီးပြင်းရမဲ့ ပတ်ဝန်းကျင်၊ ခေတ်၊ စနစ်၊ လူမှုအဆင့်အတန်းကို ကိုယ့်ရွေးချယ်မှုမပါဘဲ ဖြတ်သန်းရပြန်ပါတယ်..။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး. အကုန်လုံး ကံပစ်ချရာအတိုင်းချည်းပါပဲ..။ ကိုယ်အသက်ရှင်နေတဲ့ ခေတ်နဲ့စနစ်ရဲ့ ပုံသွင်းပြုပြင်မှုအတိုင်း ကျနော်တို့ လူလားမြောက်ခဲ့ရပါတယ်..။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေပေါ့..။ ဒါပေမဲ့ "ကျနော် လူအဖြစ်မမွေးခင်တုန်းက ဘီလ်ဂိတ်ရဲ့သမက်ဖြစ်ချင်ခဲ့တာပေါ့ဗျာ..။ မွေးလဲမွေးလာရော ဘောက်လုပ်ဘောက်စားကိုရင်သာဗျောနဲ့ နော်ရင်လုရဲ့ ကောဒဿမမြောက်ရတနာခဲလေး ဖြစ်နေရတယ်.."လို့တော့ ဘယ်သူမှမပြောမှာ သေချာပါတယ်..။ ဒါဖြင့် ကိုယ့်ဘဝဖြစ်တည်မှုအတွက် ဘာများမကျေမနပ်ဖြစ်နေစရာလိုလို့လဲဗျာ..နော့်..။

အိုင်းစတိုင်းရဲ့နှိုင်းရသီအိုရီကို ဆွဲထည့်ရအောင် ကျနော်က ဂျီးနီးယက်စ်ကြီးတော့ မဟုတ်ပေါင်..။ နို့ပေမဲ့ ဘာမဆိုနှိုင်းယှဉ်ကြည့်မှ တန်ဖိုးခွဲလို့ရမှာပေါ့..။ ကျနော်တို့လဲ လူဖြစ်လာခဲ့ပြီးနောက်မှ ကိုယ့်ဘဝရဲ့တန်ဖိုး နဲနဲတော့တွက်ကြည့်ကြရအောင်လေ..။ ကဲ ဘာနဲ့တိုင်းကြမလဲ..၊ ပေ နဲ့လား. စင်တီမီတာ နဲ့လား..။ လွန်လေပြီးသော တစ်ချိန်တုန်းကအစိုးရကတော့ ၈၈ မတိုင်မီက အရေးအတွက် ဘယ်လောက်၊ ၈၈ နောက်ပိုင်း ဘယ်နနှစ်အတွင်းမှာ ဘယ်လောက်ဆိုပြီး နှိုင်းယှဉ်ဖူးပါရဲ့..။ (အစိုးရသတင်းစာမှာ ၈၈ မတိုင်မီက စာတိုက်ဘယ်နခုသာရှိခဲ့ပေမဲ့၊ ယခုဘယ်လောက်ရှိနေပြီဆိုပြီးရေးနေချိန်မှာ ကျနော်တို့အိမ်နီးချင်းနိုင်ငံတစ်ခုမှာတော့ ကြိုးမဲ့အင်တာနက်ဆက်သွယ်ရေးရရှိပြီမို့ စာတိုက်ပုံးဘယ်နခု ဖြုတ်သိမ်းပြီးပြီဆိုတာကြော်ညာနေကြပါပြီ..။ ပြောင်းပြန်ကြီးနော်..။) ခက်တာက ပြည့်အင်အားသည်

ပြည်တွင်းမှာသာရှိသည် မဟုတ်လား..။ ပြည်ပနိုင်ငံတွေနဲ့ နိုင်းယှဉ်လို့ ဘယ်ရမှာလဲ..။ "ငါနှင့်ငါသာ နိုင်းစရာ"၊ "ငါသည်သာ ငါပြိုင်ဘက်"မို့ ကိုယ့်ဘာသာကိုယ်ပဲ ပြန်ချိန်ထိုးကြည့်တာပေါ့.. ရပါတယ်..။

ခေတ်တစ်ခေတ်ထဲမှာပဲ စနစ်တွေပြောင်းတာမနဲတော့ပါဘူး..။ ကိုလိုနီခေတ်ကတည်းက ဒိုင်အာခီတို့၊ ၉၂ ဌာနတို့ စနစ်တွေ ပြောင်းခဲ့သလို့.၊ လွတ်လပ်ရေးခေတ်မှာလဲ ဖဆပလအစိုးရကနေ၊ အခုနောက်ဆုံး ကပြားအစိုးရအထိ စနစ်တွေပြောင်းခဲ့တာ လက်ဆယ်ချောင်းပြည့်တော့မယ်..။ တခြားပညာရေး၊ ကျန်းမာရေးစနစ်တွေလဲ အမည်ရော၊ အနှစ်သာရပါ ရွှေ့လျှားကုန်တာ ခုချိန်ထိ လှုပ်စိလှုပ်စိ..။ ဘယ်ဟာအကောင်းဆုံး၊ ဘယ်ဟာ အမှန်ဆုံးဆိုတာကတော့ ပြောလို့မသင့်ပေါင်..။ အစဉ်အမြဲပြောင်းလဲနေတဲ့ ကမ္ဘာရွာကြီးထဲမှာမို့ ကံသေကံမ ပြောလိုက်ရင် လေနံ့ဓားထစ်သလိုသာ ဖြစ်နေမှာပေါ့နော်..။ ဒါပေမဲ့ အားလုံးငြင်းမရတဲ့ အမှန်တရားလေးတစ်ခုတော့ ပြောကြည့်ချင်တယ်..။ ဘက်စုံထောင့်စုံ နယ်ပယ်ကဏ္ဍပေါင်းစုံမှာ အရာရာဟာ တိုးတက်ဖို့ နေနေသာသာ၊ အရင်ကထက်ကို ဆုတ်ယုတ်နေပါတယ်လို့..။ (မျက်ထောင့်နီကြီးနဲ့တော့ လှမ်းကြည့်နေကြပြီ..။) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လူနေမှုအဆင့်အတန်း၊ စိတ်ဓာတ်၊ စည်းကမ်း၊ အကျင့်စာရိတ္တ၊ ပညာရေးနဲ့ကျန်းမာရေးအဆင့်အတန်း အို.. ကုန်ကုန်ပြောရရင် တစ်ခါက ဗိုလ်ချုပ် ခိုင်းနိုင်းကလော်တုတ်ခဲ့တဲ့ဟာတွေတောင်မှ ကွာလတီကျ၊ ဆားဗစ်မကောင်းတော့ပါဘူး(တဲ့)....။ "ကိုယ်တို့ကတော့ နေသာသပ လေညာက" ဆိုတဲ့သူတွေ အနဲနဲ့အများ ရှိပေမပေါ့လေ..။ ဒါပေမဲ့ ခေတ်ပျက်ကြီးရဲ့ စနစ်ဆိုးအောက်မှာ လူဖြစ်လာရသူချင်းအတူတူကြား ဘိန်းစားချင်းတစ်မူးပိုရှုချင်တာမျိုးဆိုရင်တော့ မသင့်တော်ဘူးပေါ့...။ ("ဒါဖြင့် မင်းကကော."..။ အင်း ကျနော်ကတော့ မိုးခါးရည်တောင်မှ သောက်ရင်းသောက်ရင်းစွဲလာတတ်တဲ့လူမျိုးမို့ "မိုးခါးရည်သမားချင်း တစ်ခွက်ပိုသောက်"လို့သာပြောရမလားပဲ..။)

ကဲလေ. ဒါတွေခဏထားပါ..။ ပြီးမှ ပြန်ကောက်ရအောင်..။ မကြာခင်က ပြည်သူ့ခေါင်းဆောင် ပြောသွားတာလေး ဆက်တင်ပြပါရစေ..။ မတ်လ ၅ ရက်နေ့၊ တံတားဦးမှာ ပြည်သူလူထုနဲ့တွေ့တော့ ပြောသွားတာတွေပါ..။ မြန်မာနိုင်ငံဟာ နိုင်ငံကချမ်းသာပြီး၊ ပြည်သူတွေက ဆင်းရဲတယ်လို့ ပြောကြကြောင်း၊ လွတ်လပ်ရေးရပြီး နှစ် ၆၀ အတွင်း အရှေ့တောင်အာရှထိပ်တန်းနိုင်ငံအဆင့်ကနေ အောက်ဆုံးအဆင့်ရောက်သွားကြောင်း၊ ဒါဟာ အုပ်ချုပ်မှုစနစ်မမှန်လို့ဖြစ်ကြောင်း၊ စင်္ကာပူနိုင်ငံကတော့ ပြည်သူတွေရဲ့အရည်အချင်းတက်လာအောင်လုပ်မှ နိုင်ငံတိုးတက်မယ်ဆိုတာသိလို့ ဒါကိုအလေးပေးပြီး လုပ်ဆောင်ခဲ့လို့ တိုးတက်သွားကြောင်းစတာတွေကို အတိအလင်းဂုန်ခံပြောကြားသွားပါတယ်..။ အဲဒီလို

စနစ်အမှားအောက်မှာ ဘာတွေ ဘယ်လိုဆုတ်ယုတ်ခဲ့ပြီလဲ..။ လက်ညှိုးထိုးမလွဲပါဘူး. စိတ်ချ..။
(ကိုယ့်ကိုယ်ကိုယ်သာ ရဲရဲကြီးလက်ညှိုးပြန်ထိုးလိုက်ပါ..။)

အုပ်ချုပ်ရေးအပိုင်းကို တိုက်ရိုက်မပြောဘဲ လူ့စွမ်းအားအရင်းအမြစ်အပိုင်းကိုပဲ ကြည့်ရအောင်လေ..။ ခေတ်နဲ့စနစ်ဆိုးကို ထင်ဟပ်ပြနိုင်တဲ့၊ ခေတ်နဲ့စနစ်ကမွေးထုတ်ပုံသွင်းလိုက်တဲ့ နိုင်ငံသားတွေရဲ့အရည်အချင်းတွေပေါ့..။ တစ်ချိန်က အာရှအဆင့်ဆိုတဲ့ ရန်ကုန်တက္ကသိုလ်ကြီး ခုဘယ်အဆင့်မှာ ရှိပါသလဲ..။ တစ်ဦးကောင်း တစ်ယောက်ကောင်းထူးချွန်တာ၊ ပညာတတ်ပေ့ဆိုသူ အများစု နိုင်ငံခြားရောက်နေတာတွေကို ထည့်မတွက်ဘဲ ပြည်တွင်းမှာ ကျန်နေ၊ ရှိနေတဲ့ အင်အားစုတွေကိုပဲ တွက်ကြည့်ကြရအောင်..။ ကျောင်းသားတွေက မနက်ဖြန်ဖြေရမဲ့ သင်ခန်းစာကိုခုထိနားမလည်သေးဘူးဆိုပြီး ချွေးပျံနေကြသလို၊ ဆရာတွေကလဲ နက်ဖြန်ပို့ချရမယ့် သင်ခန်းစာခုထိနားမလည်သေးဘူးဆိုပြီး ဒုက္ခရောက်ရပါသတဲ့. (နည်းပညာတက္ကသိုလ်ကအစ်ကိုတစ်ယောက်ပြောပြဖူးပါတယ်..။) တက္ကသိုလ်ကြီးတွေ၊ ဘွဲ့ရတွေ ၈၈ မတိုင်ခင်က ဘယ်လောက်ပဲရှိပေမဲ့ အခုတော့ ဘယ်လောက်ရှိနေပြီဆိုတဲ့အပိုင်းမှာတော့ တိုးတက်သပမောင်ရယ်...။ ကုန်ဈေးနှုန်းတက်နှုန်းအတိုင်းကို ကိန်းဂဏန်းတွေက မိုးထိုးနေပါရဲ့..။

စိတ်ဓာတ်နဲ့ အကျင့်စာရိတ္တအပိုင်းကကော..။ စည်းကမ်းသည် လူ၏တန်ဖိုးတဲ့..။ ကျနော်တို့တိုင်းပြည်မှာ စည်းကမ်းတွေ မရှားပါဘူး..။ ယာဉ်မရပ်ရ.၊ ဤနေရာမှ ကျော်လွန်၍ အနေးယာဉ်မဝင်ရ၊ လောင်းကစားကင်းစင်နယ်မြေ..။ စုံပါပေ့..။ ဘာကြောင့်စုံသလဲဆို ဒါတွေပြောဖို့လိုနေသေးလို့ပါ..။ တခြားနိုင်ငံကြီးတွေမှာ ဤနေရာတွင် ခွေးများသာသေးပေါက်ရန်တို့. အမှိုက်မပုံရ၊ ဒါဏ်ငွေ ၁၀၀၀၀ တို့ မရှိဘူးဗျ..။ ငယ်ငယ်ကတည်းက ဖြတ်သန်းခဲ့တဲ့အမူအကျင့်၊ လောလောလတ်လတ်နေထိုင်နေတဲ့ ပတ်ဝန်းကျင်ပေါ်မူတည်ပြီး ရေမြင့်အတိုင်းကြာတင့်နေကြပါပြီ..။ အင်း ကျနော်တို့ဆီမှာကတော့ အဆိုးဆုံးတွေရှိတယ်ဗျို့..။ စည်းကမ်း၊ ဥပဒေသတ်မှတ်ပြဌာန်းရခြင်းရဲ့ ရည်ရွယ်ချက်နဲ့ ကျင့်သုံးပုံမမှန်တာပါ..။ အမှိုက်မပစ်ရ. ဒါဏ်ငွေ ၁၀၀၀ ဆိုတဲ့နေရာမှာ ရည်ရွယ်ချက်က အမှိုက်မပစ်ဖို့လား.၊ ပိုက်ဆံ ၁၀၀၀ ရဖို့လား.မကွဲပြားတာတွေ နေ့စဉ်နဲ့အမျှ ကြုံနေရပါတယ်..။ ယာဉ်ထိမ်းရဲကိုကိုတွေက လမ်းကြားထဲကနေ ပုန်းပြီးစောင့်နေတယ်..၊ လိုင်းကားတွေ မှတ်တိုင်ကျော်ရပ်တော့မှ ကိုယ်တော်ချောကထွက်တော်မူလာတယ်.။ ဒီတော့လဲ "ဟဲ ဟဲ အစ်ကိုကြီး အချင်းချင်းပဲဗျာ.."နဲ့ လက်ဂါးချင်းရိုက် ကိစ္စပြတ်ရော..။ သူသာ လမ်းလယ်ခေါင်မဟုတ်တောင် မြင်သာတဲ့နေရာမှာ ထွက်ရပ်နေရင် ဘယ်ကားဆရာမှ ပိုက်ဆံအကုန်မခံဘူး.၊ စိတ်ချ..။ ("အို..၊ သူကလဲ မသိချင်ယောင်ဆောင်ပြီး စကားလုပ်ပြောနေသေး.။ စိတ်ညစ်တယ်..") မလုပ်စေချင်တဲ့စေတနာထက် ဖမ်းချင်တဲ့အာဂါသပိုနေတာတွေမနဲမနော.။

နောက်ပြီး နာမည်ကျော် ဟစ်ဟော့အဆိုတော်တစ်ယောက် ထောင်ကျတုန်းကလဲ နိုင်ငံခြားငွေတရားမဝင်ကိုင်ဆောင်မှုဆိုတဲ့ ပုဒ်မအဆစ်ပါသေးတယ်ခင်ဗျ..။ နိုင်ငံခြားသားတစ်ယောက် အင်းလျားကန်ထဲ ရေဆင်းကူးတဲ့ အုတ်အော်သောင်းနင်းအမှုကြီးတုန်းကလဲ ရေမကူးရဆိုတဲ့ စည်ပင်ဥပဒေပုဒ်မကြီးပါလာပါတယ်..။ ကဲ ဒီထက်တော့ ပိုမရှင်းတော့ဘူး မောတယ်..။

ကိုယ်တိုင်ကိုယ်ကျ ပါဂင်ကပြအသုံးတော်ခံနေရတဲ့ ကျန်းမာရေးလောကကတော့ စံနှုန်းအငြိမ်ဆုံးဖြစ်(တယ်လို့ ကိုယ့်ဖာသာကိုယ်မြင်)ပါတယ်..။ ဘာဖြစ်လဲ ကိုယ့်ငါးချဥ်ကိုယ်ချဥ်၊ ကိုယ်ထင်ကုတင်ခြေလေးချောင်းပဲ..နော့်..။ ဆေးကျောင်းသားလေးတွေဆိုတာ ပျို့တိုင်းကြိုက်တဲ့ နင်းဆီခိုင်မဟုတ်တော့ရင်တောင်၊ ယောက္ခမတိုင်းဖမ်းချင်တဲ့ သားမက်အဆင့်ကနေ သွေ့ဖီမသွားသေးပါဘူး..။ (ခိုင်းကောင်းမဲ့နွား လာထား..။) မဆလခေတ်ကလို ဆေးရုံသုံးပစ္စည်းတွေ ပုံးဇောလအော၊ အလျှံပယ် မပံ့ပိုးနိုင်တော့ပေမဲ့၊ "ရော့..ဒီမှာ ဆေးစာရွက်...၊ လူနာအသက်ငင်နေလို့ အသက်ကယ်ဆေးပြေးဝယ်ဦး"ဆိုပြီး အချိန်မရွေးပြေးဝယ်ခိုင်းစရာ၊ ၂၄ နာရီဆေးဆိုင်တွေ ဆေးရုံအုပ်ကြီးအစီအမံနဲ့ ဖွင့်ထားနိုင်တုန်းပါပဲ..။ UK အထိ အစိုးရစားရိတ်နဲ့ ပညာတော်သင်မလွှတ်နိုင်တော့ပေမဲ့၊ ပြည်တွင်းမှာပဲ ဒေါက်ထရိတ်တွေ ကိုယ်ထူကိုယ်ထ ရောင်း.. အဲလေ ပေးနေပါပြီ..။ အလုပ်သင်ကာလမှာ ဆေးလေးတစ်ချက်မှ မထိုးဖူးပါစေ၊ ဆရာဝန်အဆိုတော်ရုပ်ရှင်မင်းသမီးပိုလ်ကတော် (အောင်မလေး မောတာ) နာမည်ခံလို့ရပါသေးတယ်..။ ဓားမကိုင်တတ်လဲ ပိုင်လို့ရှိရင်၊ (Public Health ပိုင်ရင်ပြောပါတယ်..) နယ်ကောင်းကောင်းမှာ မြို့နယ်ဆရာဝန် TMO လုပ်ခွင့်ရှိပါတယ်..။ ဆေးကုဖို့ပိုက်ဆံမရှိဘူးလား ပူမနေပါနဲ့. ရော့ ဖုန်းနံပတ်. ဆက်သွယ်လိုက်.. ဦးကျော်သူကိုယ်တိုင် ကားမောင်းလာလိမ့်မယ်..။ တစ်ချိန်က အလုပ်သင်ဆရာဝန်တွေ ကိုယ်တိုင်ကိုယ်ကျ၊ အူကျတာတို့၊ အူအတက်ရောင်တာတို့ ခွဲစိတ်ရသလို ခုခေတ် ပြန်တန်းဝင်လက်ထောက်ဆရာဝန်တွေလဲ ခွဲခန်းထဲမှာ Runner လုပ်နေရတာပဲ..။ ဆရာဝန်တွေရဲ့ အရည်အချင်း၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ထင်သလောက် မဆုတ်ယုတ်ပါဘူး..။ နဲနဲလေးပါ. မဆိုစလောက်လေးပဲ.. အဟေး ဟေး.။

ကိုယ့်အရည်အချင်းက အရင်မျိုးဆက်တွေထက် ပိုပိုဆုတ်ယုတ်လာတဲ့အတွက် ရှက်သလားလို့ မေးရင်တော့ "ဟင့်အင်း"ပဲ..။ ဘာလို့ ရှက်ရမှာလဲ..၊ ရှက်သင့်တဲ့သူတွေက မရှက်ဘဲ၊ ဓားစာခံတွေကရှက်ရမယ်ဆိုတာ ထုံးစံမရှိ.။ အဓိကက ကိုယ်ကိုယ်တိုင်ပါပဲဗျာ.။ ကျနော့်ဆရာ ဆုံးမသလို ခေတ်ရေစီးကြောင်းထဲမှာ လူးလွန့်ရှင်သန်ခဲ့ရပေမဲ့ ခေတ်၊စနစ်ကိုမပြောင်းလဲချင်တော့အောင်ကို ကျနော်တို့စိတ်ဓာတ်တွေ အညွှန့်မတုံးသေးဘူး

ထင်ပါတယ်..။ ပြောင်းလဲရန်လိုမှန်းသိဖို့ရယ်၊ ပြောင်းလဲဖို့သတ္တိရယ်ပဲ အရေးကြီးပါတယ်..။ တချို့များတစ်မူးပိုရှုချင်သူတွေကတော့ ပြောင်းလဲဖို့လိုမှန်းကို ဂန်မခံကြသေးပါဘူး.။ အနဲဆုံးတော့ စတင်ပြောင်းလဲရမယ့်သူဟာ ကိုယ်ကိုယ်တိုင်ပဲဆိုတာကို ဂန်မခံကြသေးပါဘူး..။ အဂါရောင်စာမျက်နှာတစ်ချို့ကျပြန်တော့လဲ ထစ်ကနဲရှိ ဒီကောင်၊ ဟိုကောင်နဲ့ (ပြောင်းလဲစေလိုတဲ့စေတနာတစိုးတစိမှမပါဘဲ) ရောင်းအားတက်ရင်ပြီးရော၊ ဖွကြပြန်ပါရဲ့..။ ဒါကိုက စာနယ်ဇင်းလောကရဲ့ ဆုတ်ယုတ်မှုတစ်စိတ်တစ်ဒေသ ဖြစ်မယ်ထင်ပါတယ်..။ စိတ်ဓာတ်ပိုင်းဆုတ်ယုတ်နေပြီဖြစ်တဲ့ ပြည်သူလူထု(အကုန်မဟုတ်)ခမျာ အရင် ထိုင်ဆိုထိုင်၊ ထဆိုထဘဂကနေ အခုတော့ လက်ထဲလင်ကွင်းထည့်ထားပေးတဲ့ဆိုင်းရှူးလို အသံသွဲ့သွဲ့ကြားရင်ကို လိုက်လိုက်တီးတော့ ပိုရှုပ်ကုန်တာပေါ့..။ နားကလော်စရာတွေ ဖြစ်ကုန်ရော..။

အဲဒီတော့ အားလုံးကို ဒီနေရာကနေ ဂန်ခံ၊ တောင်းပန်လိုက်ပါတယ်..။ ကျနော်တို့ အားလုံး ဘက်စုံထောင့်စုံမှာ အရည်အချင်းတွေဆုတ်ယုတ်၊ စံနှုန်းတွေကျဆင်းပြီး အခွံသက်သက်သာ ကျန်ပါတော့တယ်..။ အနှစ်သာရအကုန် ခေတ်ရေစီးထဲ ရေစုန်မျောသွားပါပြီ..။ ကျနော်ကိုယ်တိုင်လဲ ဒီပုတ်ထဲက ဒီပဲမို့ အားလုံးထင်မြင်ယူဆထားတဲ့၊ ရှိသင့်တယ်လို့မျော်လင့်ထားတဲ့ ဆရာဂန်တစ်ယောက်ရဲ့ အရည်အချင်း၊ စိတ်ဓာတ်၊ ကျင့်ဂတ်သိက္ခာတွေ အပြည့်အဂမရှိပါဘူး..။ ဒါပေမဲ့ ကျနော့်အပြစ်တော့ လုံးဂမဟုတ်ကြောင်းပါ..။ ခေတ်နဲ့စနစ်က ပုံသွင်းလိုက်တဲ့အတိုင်း ခေတ်၊ စနစ်နဲ့လျော်ကန်တဲ့ အခွံသက်သက်သာရှိတဲ့ လူတစ်ယောက်ဖြစ်လာခြင်းပါ..။ ကျန်နယ်ပယ်စုံက မိတ်ဆွေတွေကိုလဲ ထင်မြင်ယူဆရသလောက် အနှစ်ပြည့်ဂပါတယ်လို့ ကြိုပြီးမျော်လင့်မထားပါဘူး...။ နာကျဉ်းမှုတွေအားလုံးဟာ မျော်လင့်ချက်တွေဆီကမြစ်ဖျားခံတယ် ဆိုတဲ့စကားလဲ အရှိသားပဲ..။ အရှိကို အရှိအတိုင်းမြင်အောင်သာ ကြည့်ပဲ့ပါ့မယ်..။ ဒီလိုခေတ်ကြီးထဲမှာ ဒီလိုလူတွေချည်းပဲ ဖြစ်နေတာ အဆန်းမဟုတ်ပါဘူး..။ ဒီလိုလူဖြစ်ရတာကို ပျော်နေတာကမှ အဆန်းပါ..။ အဲဒီတော့ ပြင်ဆင်စေလိုတဲ့စေတနာနဲ့ကလွဲလို့ ဘယ်လိုလွဲချော်တိမ်းစောင်းမှုကိုမှလဲ ဖွေမယူပါဘူး..။ အသိခေါက်ခက်အဂင်နက်ပြီး ပြောင်းလဲရကောင်းမသိတဲ့သူ၊ မပြောင်းလဲချင်ဘဲ ငါတကောကော,ကောတဲ့သူ၊ သတ္တိမရှိတဲ့သူ၊ ပြောင်းလဲချင်ယောင်ဆောင်တဲ့သူ၊ အဲဒီသူတွေကိုသာ မေတ္တာကောင်းကောင်းပို့ပါမယ်..။

ပေါင်ချိန်သာကြားရင်တော့ မျက်နှာကြီးမဲပြီး "ညီရှောသပေါင်" (အပြောကတော့ ကောင်းတယ်)လို့ ဩဘာပေးမယ် ထင်ပါတယ်..။ ဟုတ်ပ. ကျနော်ပြောပုံကလဲနော်..။ ပြောင်းလဲဖို့များ လွယ်တာမှတ်လို့..။ သောက်နေကျ ဆေးလိပ်မဟုတ်ဘဲ တခြားတစ်မျိုးပြောင်းသောက်တာတောင် အရသာမရှိတာ.။ (ကျနော်ကိုယ်တိုင်တော့ ဆေးလိပ်မသောက်တတ်ပေါင်ဗျာ..။

ဒီကောင်ဆေးလိပ်သောက်ပါတယ်ဆိုပြီး အိမ်နဲ့တိုင်ပြောမှာစိုးလို့ ကြိုပိတ်ထားတာ..ဟဲ ဟဲ..။)
လက်တွေ့မှာ အရိုးစွဲပြီး အူတိုင်အထိပုပ်နေမှတော့ ပြောင်းလဲဖို့ဆိုတာဟာ အပ်နားဖားပေါက်ထဲ
ကုလားအုတ်ဝင်ဖို့ကမှ ပိုလွယ်ချင်လွယ်ဦးမယ်နော်..။ ဂျာအေးကိုသူ့အမေရိုက်ပြီး၊
ကြက်မနဲ့ကြက်ဥကြား ဘဲဥအစရှာမရသလိုဖြစ်နေတုန်း ပေါက်ပင်ဘာကြောင့်ကိုင်းပါတယ်
သွားလုပ်နေရင် အဖြေထွက်လာဖို့မရှိပါဘူး.။ စနစ်ကို ပြောင်းလဲနိုင်တဲ့သူဆိုတာ လူတစ်သိန်းမှာ
တစ်ယောက်မရှိဘူး.၊ ခေတ်ကိုပြောင်းလဲနိုင်တဲ့သူဆိုတာ နှစ်တစ်ရာမှာ
တစ်ယောက်မပေါ်ထွန်းဘူး..ဆိုမှပဲကို.။ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းမဟုတ်ဘဲ
အများနဲ့လုပ်ရင်တော့ တစ်မျိုးပေ့ါလေ..။ ဒီတော့ ကျနော်တို့ ခေတ်နဲ့စနစ်ကို ဘယ်လိုပြောင်းမလဲ
မပြောခင်၊ ဘယ်အချိန်ကတည်းက ပြောင်းလဲဖို့လိုအပ်ခဲ့တာလဲ ဆိုတာ ပြန်လှည့်ကြည့်ရအောင်..။

မဆလခေတ်မှာ တိုင်းပြည်ဟာ အဆိုးဆုံးအဆင့်အထိ ချွတ်ချုံကျခဲ့တာ အားလုံးအသိပါ..။
ငတ်လို့မှောင်ခိုကုန်ကူးပြန်တော့ အုမတောင့်နေလို့သီလလေးဟန်ဆောင်စောင့်ပြတဲ့
မင်းစိုးရာဇာတွေက ဖမ်းပြန်ပါတယ်..။ ခေတ်လဲပျက်၊ စနစ်လဲပျက်တယ်ဆိုတာ ငြင်းမဲ့သူမရှိပါဘူး.။
တိုင်းပြည်ရဲ့ကိစ္စအဝဝကို လူတစ်စုလက်ထဲပဲ ဝကွက်အပ်ထားသလို
ဖြစ်နေတဲ့အုပ်ချုပ်ရေးစနစ်အမှားကြောင့်ပါ..။ (ကားလ်မတ်တို့၊ အိန်ဂျယ်တို့ အရင်းကျမ်းကြီးကို
ရေးတုန်းက လူတွေရဲ့ လောဘကို ထည့်မတွက်ခဲ့ကြဘူး ထင်ပါတယ်..။) အဲဒီတော့ ၈၈
အပြောင်းအလဲမှာ နိုင်ငံရဲ့အာဏာဟာ ပြည်သူလူထုရဲ့ လက်ထဲကိုလုံးလုံးလျားလျား
ပြန်ရောက်မယ်ဆိုရင်တော့ ဒါဟာ ဝငယ်ကွေ့ ကွေ့ပြီလို့ဆိုနိုင်မှာပါ..။ ခက်ပုံက ဝငယ်ကွေ့
မကွေ့နိုင်ခဲ့တဲ့အပြင် ဝလုံးပဲ အထပ်ထပ်ရေးသလိုလည်နေခဲ့တာ မနေ့တစ်နေ့ကအထိပဲ..။
ဖူဇကာပုဏ္ဏားဆိုရင်တောင် ဗိုက်ကားရုံသာ စားမှာခင်ဗျာ..။ မစားနိုင်ရင် ချန်ထားခဲ့ဦးမယ်..။
ကဲပါလေ. ဒါတွေထားပါ..။ နိုင်ငံ့အခြေအနေဟာ ၈၈ ကတည်း ပြောင်းလဲသင့်နေပြီ၊
ပြောင်းလဲလို့ရနေပြီ၊ပြောင်းလဲခဲ့သင့်ပြီမှန်း အားလုံးချွင်းချက်မရှိ လက်ခံမယ်ထင်ပါတယ်..။ တကယ်ပဲ
ပြောင်းလဲခဲ့ပါသလား.။ ကျနော်သိသလောက် ပြောင်းလဲမယ်လို့ ပြောခဲ့ပါတယ်.။
ပြောင်းလဲနေပါတယ်လို့ ပြောခဲ့ပါတယ်.။ တိုးတက်နေပါပြီလို့လဲ ပြောခဲ့ပါတယ်..။ ကျုပ်တို့လုပ်တာ
အကုန်မှန်ပါတယ်ဆိုတဲ့ လေသံတွေကြားခဲ့ရပါတယ်..။

ဒီနှစ်ပိုင်းအတွင်း နိုင်/ကျဉ်းတွေလွှတ်၊ ပျော့ပြောင်းတဲ့သဘောထားတွေပြပြီး အဖတ်ဆယ်နေတဲ့
နိုင်ငံတော်မှာရာထူးအကြီးဆုံးဆိုတဲ့ပုဂ္ဂိုလ်က လွန်ခဲ့တဲ့ရက်ပိုင်းအတွင်း
ပြည်ထောင်စုအဆင့်ကိုယ်စားလှယ်တွေရဲ့ အစည်းအဝေးတစ်ခုမှာ စကားပြောခဲ့ပါတယ်.။
မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးမှုအနဲဆုံးတိုင်းပြည်ဖြစ်ကြောင်း၊ ဆင်းရဲမွဲတေမှုကို လာမယ့်ဘယ်နှစုနှစ်မှာ

ဘယ်နရာခိုင်နှုန်းလျှော့ချရမယ့်အကြောင်း၊ ထာဝရငြိမ်းချမ်းရေးမဖြစ်မနေရဖို့လိုကြောင်း၊ စသဖြင့်
တိုင်းပြည်ရဲ့လိုအပ်ချက်တွေကို ထုတ်ဖော်ဝန်ခံသွားပါတယ်.။ အရင်တုန်းက မသိကျိုးကျွံပြုခဲ့သမျှ၊
ဖင်ပိတ်ငြင်းခဲ့သမျှ အခုတော့ တာဝန်ယူနေရပြီမဟုတ်လား.။ အော် မြန်မာနိုင်ငံဟာ
အဆင်းရဲဆုံးတိုင်းပြည်စာရင်းထဲဝင်နေပြီဆိုတာ လွန်ခဲ့တဲ့ နှစ် ၂၀ ကျော်ကတည်းကပါကွယ်..။ ခုမှ
သိတာလား.၊ အရင်လက်ထက်တုန်းက သိသိကြီးနဲ့ လစ်လျူရှုခဲ့တာလားတော့ ကာယကံရှင်
အသိဆုံးပါ...။ အရင်ကတည်းကသိတာဆိုရင် ဘာလို့ ခုမှအသံကောင်းဟစ်ပြီး
လူစွမ်းကောင်းလုပ်နေရတာလဲ..။ အဲလောက်စေတနာမှန်ရင် အရင်ကတည်းကလဲ လုပ်ပိုင်ခွင့်
ရှိနေခဲ့တာပဲ.။ အဲဒီတုန်းက ဘာလို့မလုပ်ခဲ့တာလဲ..။ ခုမှတရေးနိုးထလာတာ ရိုးမှရိုးရဲ့လား..။
ဒါတွေစဉ်းစားရတော့မယ်လေ..။ တစ်ချိန်ကကိုယ်ကိုယ်တိုင်ရေးခဲ့တာတွေ၊
အခုကိုယ်ပြန်ဖျက်နေတယ်ဆိုတော့ နိုင်ငံရေးသိက္ခာရှိသူတွေဟာ
ရှုံ့ချည်၊နပ်ချည်လုပ်လို့ရလေသလားပဲ ..။

လူဆိုတာ အမှားနဲ့မကင်းသလို၊ နီးရာဓားကြောက်ရတာတွေလဲရှိတာပေ့ါနော်.။
ကိုယ့်အကျိုးစီးပွားအတွက် မဟုတ်မူဘဲ၊ အများအကျိုးအတွက် ငါမရှိရင် ခက်ရချည်ရဲ့ဆိုပြီး
မချစ်သော်လဲ အောင့်ကာနမ်းခဲ့တဲ့ နိုင်ငံ့သားကောင်းတွေ ဒုနဲ့ဒေးပါ.။ ဒါကြောင့်ပဲ ထင်ပါရဲ့..။
လူနှစ်ယောက်၊ သုံးယောက်ထွက်သွားပြီး၊ ကျန်တဲ့လူတွေလဲ ပုဆိုးပြင်ဝတ်ရုံလေးပြောင်းလဲသွားတဲ့
လူအုပ်က၊ မူဝါဒအပိုင်းမှာတော့ ဆီနဲ့ရေလိုကွာသွားတယ်ဆိုတာ.။ အို ဘာပဲပြောပြော.၊
အကောင်းတွေပဲ ဖြစ်နေတာကို ကြိုဆိုရမှာပေ့ါကွယ်..။ ဒီလူလုပ်တာဆို
ဘာမှမထောက်ခံဘူး.ဆိုတဲ့ပုဂ္ဂိုလ်စွဲတွေ မထားသင့်တော့ပါဘူးလေ..။ နိုင်ငံတစ်နိုင်ငံရဲ့
အသွင်ကူးပြောင်းရေးဆိုတာ အင်မတန်သိမ်မွေ့တာကလား.။ အမဲကနေ အဖြူ၊ အမှောင်ကနေ
အလင်း၊ အစိမ်းကနေ အနီ ရုတ်ချည်းအပြောင်းမှာ အကိုင်အတွယ်မတတ်ရင် နရင်ဘတ်ခုံရုံးလို
ကြက်သီးထစရာစကာလုံးတွေ ပေါ်ပေါက်လာတတ်တာ အားလုံးကိုယ်တွေ့ပဲ..။ လူဆိုတာက
"တောင်းပန်ပါတယ်"ဆိုနေရင်းတောင်၊ "အပြစ်တော့မပေးပါနဲ့"လို့ စိတ်ထဲက
ကြိတ်ပြီးတောင့်တတတ်တဲ့ အမျိုးပဲလေ..။ ကိုယ့်ကိုယ်ကိုယ်မှားမှန်း ဝန်မခံချင်တဲ့လူမျိုးဆိုရင်တော့
ပိုဆိုး..။ ဒါကြောင့် ရှဉ့်လဲလျှောက်သာ၊ ပျားလဲစွဲသာဖြစ်အောင် စဉ်းစားပေးဖို့လိုတာပေ့ါ..။ ဒါပေမဲ့
နီးရာဓားကြောက်ပြီး ကိုယ့်ယုံကြည်ချက်အတွက် မတ်မတ်မရပ်ရဲတဲ့သူတွေလက်ထဲ
ကျနော်တို့ကံကြမ္မာ၊ ကျနော်တို့မျိုးဆက်တွေရဲ့ အနာဂတ်ကို အပ်နှင်းရမှာကတော့ ခက်လုပါတယ်..။
သစ်မရခင် ဝါးပေါင်းကွပ်တဲ့အနေနဲ့ ခေတ်ပြောင်း၊ စနစ်အပြောင်းမှာ လေ့ကားထစ်တစ်ခုအနေနဲ့သာ
သဘောထားသင့်ပါတယ်..။ ရှက်တတ်တဲ့သူတွေဆိုရင်လဲ ကိုယ်ကိုယ်တိုင်
ဖျက်ဆီးချင်သလိုဖျက်ဆီးခဲ့တဲ့တိုင်းပြည်ကို ခုမှမင်းသားခေါင်းဆောင်းပြီး နမ်းဝင်ဖြူးချင်တာမျိုး
မလုပ်ကောင်းပါဘူး..။ လိပ်ပြာဆိုတာ ကိုယ်ကိုယ်တိုင် မွေးမြူရတဲ့အမျိုးပါ..။

ကျနော်တို့မျိုးဆက်ကတော့ သန်းခေါင်ထက်ညည့်မနက်နိုင်တော့ပါဘူးဗျာ..။
အဆိုးဆုံးအဆင့်ထိရောက်ခဲ့ပြီ..။ ဒီကနေ ပြန်တက်ဖို့ပဲ ရှိတော့တယ်..။ ကျနော့်ဆရာဆုံးမသလို
ခေတ်ကဖန်တီးထားတဲ့အတိုင်းမဟုတ်ဘဲ၊ ခေတ်ကို ပြောင်းနိုင်တဲ့သူတွေဖြစ်အောင်
ကြိုးစားကြရတော့မယ်လေ..။ ဒါဖြင့် ဘယ်လိုပြောင်းလဲကြမလဲ..။ ဟုတ်ကဲ့..။
ဗိုလ်ချုပ်ရဲ့အသုံးအနှုံးအတိုင်းပြောရရင် "ခင်ဗျားတို့ သောက်ကျင့်တွေ ပြင်ဖို့လိုနေပြီ"ပေါ့ဗျာ..။
တောင်ပေါ်ဒေသနာဆိုတာ ခရစ်ယာန်ဘာသာဝင်တိုင်း သိကြမှာပါ..။ ဟီရိ၊ဩတ္တပ္ပ၊ လောကပါလနဲ့
ဗြဟ္မစိုရ်တရားတွေဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်းသိကြမှာပါ..။ ဒါတွေကိုလိုက်နာနိုင်ရင်
ကိုယ့်ကိုယ်ကိုယ်ပြင်ရာရောက်ပါပြီ..။ ဒီလိုကိုယ့်စိတ်ဓာတ်ကိုကိုယ် ပြင်ပြီးမှ ကိုယ့်အရည်အချင်းကို
မြှင့်တင်ကြတာပေါ့..။ ၁၉၆၂ တော်လှန်ရေးကောင်စီမှာ နံပတ်နှစ်ဖြစ်ခဲ့တဲ့ ဗိုလ်မှူးချုပ်ဟောင်း
ဦးအောင်ကြီးက ၁၉၆၅ ကနေ ၁၉၇၇ အတွင်းမှာ ဦးနေဝင်းဆီကို စာအစောင်စောင်ပို့ခဲ့ပါတယ်..။
အဲမှာရေးထားချက်တွေအရ အဲဒီအချိန်ကတည်းက ပြုပြင်ပြောင်းလဲရေးကို တောင်းဆိုနေကြပြီဆိုတာ
သိသာပါတယ်..။ "တစ်ပြည်လုံး စာရိတ္တမဏ္ဍိုင်ဟာ မကြုံဖူးအောင် ပျက်ပြားသွားပြီဖြစ်ကြောင်း၊
တိုင်းပြည်စီးပွားရေးပျက်တာဟာ ၄၊ ၅၊ ၁ဝ နှစ်နဲ့ပြန်ကောင်းနိုင်ပေမဲ့ စာရိတ္တ၊
စိတ်ဓာတ်ပျက်ကုန်တာကတော့ မျိုးဆက် ၂ ဆက်၊ ၃ ဆက်ကြာနိုင်ကြောင်း၊"စတာတွေ ပါပါတယ်.။
(ဦးအောင်ကြီးက ၁၉၆၂ အာဏာသိမ်းတော်လှန်ရေးကောင်စီမှာ နံပတ် ၂ ဆိုပေမဲ့ ၁၉၆၃ မှာ
ရာထူးကထွက်ပြီး ဦးနေဝင်းဆီကို အကြိမ်ကြိမ်စာနဲ့ဖြစ်စေ၊ နှုတ်နဲ့ဖြစ်စေ ဖြောင်းဖြခဲ့တယ်လို့
မှတ်သားဖူးပါတယ်.။)

ကဲ ကျနော်တို့ စိတ်ဓာတ်တွေ၊ စာရိတ္တတွေ လွယ်လွယ်နဲ့ ပြင်နိုင်ပ့ါမလားဗျာ.။ မျိုးဆက် ၂ ခု ၃ ခု
ကြာသွားနိုင်တာ အမှန်ပါ..။ ကျနော်တို့ တစ်ဦးစီ၊ တစ်ယောက်စီရဲ့ စိတ်ဓာတ်တွေ ပြင်နိုင်ရင်တောင်
လူထုတစ်ရပ်လုံးကိုပြုပြင်နိုင်ဖို့ ခက်လှပါတယ်.။ ကျနော်တို့တတ်နိုင်စွမ်းရဲ့
အပြင်ကိုရောက်နေပါတယ်.။ ဒါပေမဲ့ ကျနော်တို့သားမြေး၊ မျိုးဆက်သစ်တွေကိုတော့
မှန်ကန်တဲ့လမ်းကြောင်းပေါ် တင်ပေးဖို့မခက်လှပါဘူး.။ ကိုယ်တိုင်စံနမူနာကောင်းမပြနိုင်ရင်တောင်
"ငါပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်နဲ့."လို့ပြောတန်ကောင်းပါတယ်..။ ဆရာ့ဆုံးမစကားလို
ကိုယ်တိုင်ခေတ်၊စနစ်ကို မပြောင်းလဲနိုင်ရင်တောင်၊ ပြောင်းလဲနိုင်စွမ်းရှိတဲ့၊
ပြောင်းလဲဖို့ထိုက်တန်တဲ့သူတွေကို စိတ်ရောကိုယ်ပါ ထောက်ခံဖို့ဝန်မလေးသင့်ပါဘူး.။ ခေတ်ကောင်း၊
စနစ်မှန်ပေါ်မှာ ကိုယ့်သားသမီးတွေကို တွေ့မြင်ချင်တဲ့ နိုင်ငံသားတိုင်း၊ မှန်ကန်တဲ့လမ်းကြောင်းကို
ဖော်ဆောင်ပေးနိုင်မယ့်ခေါင်းဆောင်ကောင်းကို ဂန်းရုံရမှာ သမိုင်းပေးတာဝန်ပါ..။
ကိုယ်ကိုယ်တိုင်မဖော်ဆောင်နိုင်ပေမဲ့ ဦးဆောင်ဦးရွက်ပြုမယ့်ခေါင်းဆောင်ကောင်းကို

တစ်တပ်တစ်အား၊ အုတ်တစ်ချပ်၊ သဲတစ်ပွင့်၊ စာတစ်လုံး၊ မှင်တစ်စက်၊ နောက်ဆုံး **မဲတစ်ပြား**နဲ့ ထောက်ခံအားပေးရပါမယ်.။ ဒါမှ မျိုးဆက်သစ်တို့ရဲ့ရှေ့မှာ မျက်နှာဖော်ရဲမှာပါ..။

ကဲ အဲဒီတော့ နိဂုံးချုပ်ပါတော့မယ်..။ (တော်ပါသေးရဲ့. နိဂုံးကိုရောက်လာပေလို့.၊ တဂဲလည်လည်နဲ့ နိဂုံးမချုပ်တတ်တော့ဘူး မှတ်နေတာ.။)

ရွေးချယ်ပိုင်ခွင့်မရှိဘဲ ကြံ့ရာခေတ်နဲ့စနစ်အောက်မှာ လူဖြစ်လာပေမဲ့၊ အသိညာဏ်ဆင်ခြင်တုံတရားမခေါင်းပါးသေးတဲ့သူတွေပီပီ ခေတ်ဆိုး၊စနစ်ဆိုးကို အကောင်းဘက်ပြောင်းလဲလိုက်ဖို့ လူတိုင်းမှာ တာဝန်ရှိပါတယ်..။ ကိုယ်ကိုယ်တိုင် ကိုယ့်စိတ်ဓာတ်၊ ကိုယ့်အရည်အချင်းကိုမြင့်တင်ဖို့လိုသလို ကိုယ်တစ်ဦးတစ်ယောက်တည်း မတတ်နိုင်တဲ့ မဟာဗျူဟာမြောက်နိုင်ငံရေးမူဝါဒအပိုင်းမှာတော့ ရိုးသားမှု၊ ပေးဆပ်မှု၊ မှန်ကန်မှု၊ မျှတမှု၊ တည်ကြည်မှု၊ လေးနက်မှု၊ ဖြောင့်မတ်မှု ရှိတဲ့ ပြည်သူ့ခေါင်းဆောင်ကိုသာ အားကိုးထောက်ခံရပါမယ်.။ ဗလောင်းဗလဲနဲ့ နီးရာဓားကြောက်တတ်သူတွေကိုတော့ မှန်ကန်တဲ့ လမ်းကြောင်းပေါ် ခေါ်ဆောင်နိုင်မယ်ဆိုတာ ယုံကြည်စရာ တစ်ကွက်မှ မရှိတဲ့အတွက် အငြိမ့်ပွဲတွေမှာလို ပရိသတ်ရှေ့အရင်တွက်တဲ့ လူရွှင်တော်တွေလောက်သာ သဘောထားသင့်ပါတယ်..။ ခေါင်းဆောင်မင်းသမီးဆိုတာ နောက်မှထွက်တယ်မဟုတ်လား.. ပရိသတ်ကြီးရဲ့..။

ကဲ ကဲ. အသဲကြားက မဲတစ်ပြားနဲ့ ဧပြီလတစ်ရက်နေ့ကို ဟောဒီလိုလေး ဂုဏ်ပြုလိုက်ရအောင်..၊ ရွာစားရေ.. ပို့ချင်တာနဲ့သာ ပို့ပါဗျို့..(အင်းစိန်ကို မဟုတ်ရင် ပြီးတာပဲ..။)

"ပန်းစံပယ်

နန်းလယ် မပေါ်ခိုက်ဟာမို့

အလိုက် တော်တန်သင့်ရုံပ့ါ

ခံပွင့်ကိုကုံး.။

နန်းရဂေ

မန်းမြေမှာ စံပယ်လိုင်တော့

ခံပန်းခိုင် ယာယီရွှေတယ်

တောလေ့ ရွာသုံး..။”

(ဒွေးချို၊ ဦးပုည)

အားလုံးကိုစိတ်ချမ်းသာကြစေလိုပါတယ်..။

ကျနော် ဇော်ခွန်နော်ပါ..။




Like · · Share